# ၁၉၅၈ ခုနှစ်၊ အရေးပေါ်စီမံမှု (ယာယီပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၆။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၈ ခုနှစ်၊ အရေးပေါ်စီမံမှု (ယာယီပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတ က အာဏာတည်ခြင်းမှရပ်စဲရမည်ဟု အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆင့်ဆိုသည့်နေ့တိုင်အောင် အာဏာတည်ရမည်။ ယင်းသို့အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းအားဖြင့် ဤအက်ဥပဒေ အာဏာတည်ခြင်းမှရပ်စဲသောအခါ၊ မြန်မာနိုင်ငံယေဘုယျစကားရပ်အက်ဥပဒေ၏ ပုဒ်မ ၅ ရှိ အက်ဥပဒေရုပ်သိမ်းခြင်းဆိုင်ရာပြဋ္ဌာန်းချက် ၂၏သည်၊ အကျိုးသက်ရောက်စေရမည့်ပြင်၊ ထိုအက်ဥပဒေ၏ ပုဒ်မ ၅-က ရှိပြဋ္ဌာန်းချက်များသည်အကျိုးသက်ရောက်ခြင်းမရှိစေရ။

၂။ ။ဤအက်ဥပဒေ အာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး၊ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေသည်၊ ၎င်း၏ပုဒ်မ ၅-က အစား အောက်ပါကို ပုဒ်မ ၅-က အဖြစ် ထည့်သွင်းထားဘိသကဲ့သို့အကျိုးသက်ရောက်စေရမည်။

"၅-က။ ။(၁) မည်သူမဆို—

(က) ရာဇသတ်ကြီးပုဒ်မ ၁၂၄-က ၏ ပြဋ္ဌာန်းချက် တခုခုကိုကျူးလွန်အောင်သော်၎င်း၊

(ခ) ပြည်ထောင်စုနိုင်ငံတော် လက်နက်ကိုင်စစ်တပ် အစည်းအရုံးများ၏၊ သို့တည်းမဟုတ် အစိုးရရာထမ်းမှုထမ်းများ၏ စည်းကမ်းသေဝပ်မှု၊ သို့တည်းမဟုတ် စိတ်ဓါတ် တက်ကြွမှုကို တနည်းနည်းဖြင့်ထိခိုက်စေအောင်သော်၎င်း၊

(ဂ) ပြည်ထောင်စုနိုင်ငံတော်လက်နက်ကိုင်စစ်တပ်အစည်းအရုံးဝင် တဦးဦးအား၊ သို့တည်းမဟုတ် အစိုးရရာထမ်းမှုထမ်းတဦးဦးအား စည်းကမ်းဖောက်ဖျက်ဆန့်ကျင်အောင် သော်၎င်း၊ သစ္စာမဲ့အောင်သော်၎င်း၊ ပုန်ကန်အောင်သော်၎င်း၊ တာဝန်ဝတ္တရားကို မဆောင်ရွက်ဘဲ နေအောင်သော်၎င်း၊

(ဃ) ရာဇသတ်ကြီးပုဒ်မ ၁၅၃-က ၏ ပြဋ္ဌာန်းချက်တခုခုကို ကျူးလွန်အောင်သော်၎င်း၊

(င) ရာဇသတ်ကြီး ပုဒ်မ ၂၉၅-က ၏ ပြဋ္ဌာန်းချက်တခုခုကို ကျူးလွန်အောင်သော်၎င်း၊

အကြံဉာဏ်ပေးသည့်၊ တိုက်တွန်းသည့်၊ လှုံ့ဆော်သည့်၊ သို့တည်းမဟုတ် အားပေးအားမြှောက်ပြုသည့်၊ လက်ရေးစာရွက်စာတမ်းကိုဖြစ်စေ၊ ပုံနှိပ်စာရွက်စာတမ်းကိုဖြစ်စေ၊ ပုံနှိပ်လျှင်၊ တည်းဖြတ်

လျှင်၊ ထုတ်ဝေလျှင်၊ ပေးလျှင်၊ ပြလျှင်၊ ရောင်းလျှင်၊ ဝေငှလျှင်၊ အများမြင်သာအောင်ဖေါ်ပြထားလျှင်၊ သို့တည်းမဟုတ် လက်ရှိထားလျှင် ထိုသူသည် ခုနစ်နှစ်ထိ ထောင်ဒဏ်ကို စီရင်ခြင်းခံရမည့်ပြင်၊ ငွေဒဏ်ကိုလည်းစီရင်ခြင်းခံရမည်။

(၂) ပုဒ်မခွဲ (၁) အရကျူးလွန်သည့်ပြစ်မှုများကို စစ်ဆေးစီရင်သော တရားရုံးသည်၊ အဆိုပါပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် အရာဝတ္ထုများ၊ ယာဉ်များ၊ စက်ကိရိယာများ၊ တန်ဆာဝလာများ၊ သို့တည်းမဟုတ် အခြားပစ္စည်းများကို အစိုးရဘဏ္ဍာကော်အဖြစ် သိမ်းယူရမည်ဟု အမိန့်ချမှတ်နိုင်သည်။

ရှင်းလင်းချက်။ ။တဦးတယောက်သောသူ၌ ဆိုခဲ့သည့်စာရွက်စာတမ်းကို လက်ရှိထားခြင်းသည်၊ ထိုစာရွက်စာတမ်းမျိုး ဖြစ်ကြောင်း မသိဘဲသော်၎င်း၊ ဆိုခဲ့သည့်ကြံရွယ်ချက် လုံးဝမရှိဘဲသော်၎င်း၊ လက်ရှိထားခြင်းဖြစ်လျှင် ဤပုဒ်မအရ ပြစ်မှုမမြောက်။ ''